No. 145 (A2-3), Thiri Mingalar Street, (သီရိမင်္ဂလာလမ်းသွယ်)
Ward No. (4), 8 Mile-Pyay Road, Mayangone Township
11062, Yangon, Myanmar.
Phone: (+95) 1 9667757, (+95) 9 797005151
www.facebook.com/EGuardmm/

# ရုံးတွင်းအမိန့် (၁၁/၂၀၂၀)

ရက်စွဲ။ ။၂၀၂၀ ခုနှစ်၊ မေလ၊ ၁၈ရက်။

၂၀၂၀ ခုနှစ်၊ မေလ၊ (၁၇) ရက်နေ့တွင် ကျင်းပပြုလုပ်သော E Guard Environmental Services Co., Ltd. ၏ Board of Directors အစည်းအဝေး ဆုံးဖြတ်ချက် အရ တာဝန်ထမ်းဆောင်နေသော ဝန်ထမ်းများအားလုံး သိရှိစေရန်အတွက် ဤရုံးတွင်းအမိန့်ကို ထုတ်ပြန်လိုက်သည်။

၁။ လက်ရှိကမ္ဘာ့ပေါ်တွင်ဖြစ်ပွားလျက်ရှိသော COVID-၁၉ ပြင်းထန်အဆုတ်ရောင်ရောဂါကြောင့် နိုင်ငံတော်မှ အများပြည်သူလိုက်နာဆောင်ရွက်ရန်အတွက် လိုအပ်သော အမိန့်၊ ညွှန်ကြားချက်များ ထုတ်ပြန်ခဲ့ပါသည်။ E Guard Environmental Services Co., Ltd. သည်လည်း နိုင်ငံတော်မှ ထုတ်ပြန်သော အမိန့်၊ ညွှန်ကြားချက်၊ စည်းမျဉ်း၊ စည်းကမ်းများကို မပျက်မကွက်လိုက်နာခဲ့ပါသည်။ ၂၀၂၀ ခုနှစ်၊ မတ်လ (၃၁) နေ့မှ စ၍ ရုံးပိတ်ထားခဲ့ပြီး တရားဝင်ရုံးပိတ်ရက်များမှ အပ Work from Home အဖြစ် online အသုံးပြုပြီး လုပ်ငန်းများဆက်လက်ဆောင်ရွက်နိုင်ရေး အတွက်ကြိုးပမ်းဆောင်ရွက်ခဲ့သည်မှာ ဝန်ထမ်းများအသိပင်ဖြစ်သည်။

၂။ လက်ရှိအခြေအနေအရ လာရောက်ရင်းနှီးမြှုပ်နှံမည့်လုပ်ငန်းများ လျော့နည်းလာနိုင်မည့်အပြင် ဖြစ်ပေါ်လာမည့် New Normal အခြေအနေတွင် လုပ်ငန်းများဆောင်ရွက်ရာတွင် ပိုမိုကုန်ကျစရိတ်များ မဖြစ်မနေသုံးစွဲရန် လိုအပ်လာမည်ဖြစ်ပါသည်။ ထို့အပြင် လုပ်ငန်းသဘာဝအရ ဆောင်ရွက်ရမည့် လူထုတွေ့ဆုံပွဲများ၊ စစ်တမ်းကောက်ယူခြင်းလုပ်ငန်းများကို ဆောင်ရွက်ရန် မဖြစ်နိုင်သော အခြေအနေမျိုး (မည့်သည့်အချိန်မှ ပြန်လည်ဆောင်ရွက်နိုင်မည်ကို မခန့်မှန်းနိုင်ပါ) ရောက်ရှိနေသဖြင့် လက်ရှိဆောင်ရွက်လျက်ရှိသောလုပ်ငန်းများ ပြီးစီးနိုင်သည့် အခြေအနေကို ခန့်မှန်းရန်ခက်ခဲ မည်ဖြစ်ပါသည်။

၃။ E Guard Environmental Services Co., Ltd. ရေရှည်ရပ်တည်နိုင်ရေးကို ရည်ရွယ်ပြီး အောက်ပါအတိုင်း ဆုံးဖြတ်ခဲ့ပါသည်။

- ဒါရိုက်တာအဖွဲ့ဝင်များအနေဖြင့် လက်ရှိလစဉ်မိမိတို့ ခံစားနေသော ခံစားခွင့်များအားလုံး ဆိုင်းငံ့ ထားရန်၊

eguard ENVIRONMENTAL SERVICES
No. 145 (A2-3), Thiri Mingalar Street, (သီရိမင်္ဂလာလမ်းသွယ်)
Ward No. (4), 8 Mile-Pyay Road, Mayangone Township
11062, Yangon, Myanmar.
Phone: (+95) 1 9667757, (+95) 9 797005151
www.facebook.com/EGuardmm/

- ဝန်ထမ်းများအနေဖြင့် လစဉ် (၁၀) ရက် တစ်ဆက်တည်းအား Compulsory Unpaid Leave အဖြစ် အလှည့်ကျယူရန်၊
- ယခုလက်ရှိ ဝန်ထမ်းများအား ရုံးတက်ရက်တိုင်း ပေးထားသည့် ခရီးစရိတ်ခံစားခွင့်ကို ဆိုင်းငံ့ထားရန်၊
- ဝန်ထမ်းများအနေဖြင့် မိမိတို့တာဝန်ယူထားသည့် Assignment များအား သတ်မှတ်အချိန်အတွင်း အပြီးဆောင်ရွက်ရန်၊

၄။ အကယ်၍ ဝန်ထမ်းများအနေဖြင့် အလုပ်မှ နှုတ်ထွက်လိုပါက ချုပ်ဆိုထားသော (Employment Contract) ပါအတိုင်း ကြိုတင်အကြောင်းကြား ဆောင်ရွက်နိုင်ပါကြောင်း အသိပေး အပ်ပါသည်။

၅။ ယခု ကပ်ရောဂါအား ထိန်းချုပ်နိုင်မှုနှင့် လုပ်ငန်းခွင်ပြန်လည်ဝင်ရောက်ပြီး ယခင်ကာလကဲ့သို့ efficient and effective ဖြစ်ဖြစ်လုပ်ငန်းဆောင်ရွက်နိုင်မှုအား မည်သည့်ကာလတွင် ပြန်လည်ဆောင်ရွက်နိုင်မည့် အခြေအနေကို မခန့်မှန်းနိုင်ကြသေးပါ။ သို့သော် E Guard Environmental Services အနေဖြင့် ကြံ့ကြံ့ခံရပ်တည်နိုင်ရန် အစဉ်အမြဲ ကြိုးစားလျက် ရှိပါသည်။ ဝန်ထမ်းများအနေဖြင့် လည်း မိမိတို့အားပေးအပ်ထားသော လုပ်ငန်းတာဝန်များအား အချိန်မီ အရည်အသွေးမီ ပြီးစီးရေး အတွက် ဆောင်ရွက်သွားရန် တိုက်တွန်းလိုက်ပါသည်။

၆။ ခန့်မှန်းထားသည့် ကာလထက် ပိုမိုကြာရှည်ပါက မဖြစ်မနေ လက်ရှိ workforce အား လျှော့ချရမည် ဖြစ်ကြောင်း ကြိုတင်အသိပေးအပ်ပါသည်။ ထိုသို့ဆောင်ရွက်ရာတွင် ဥပဒေ၊ လုပ်ထုံးလုပ်နည်းများနှင့် အညီဆောင်ရွက်သွားမည်ဖြစ်ပါသည်။

ဒါရိုက်တာအဖွဲ့ကိုယ်စား
(တင်အောင်မိုး၊ ဒါရိုက်တာ)
E Guard Environmental Services Co., Ltd.